**Burmese | မြန်မာ**

# ၂၀၂၅ ခုနှစ်အတွက် မူလတန်းကျောင်းအပ်နှံခြင်း



ကျောင်းစထားချိန်မှာ ကလေးများ၊ မိဘများနှင့် အုပ်ထိန်းသူများအတွက် စိတ်လှုပ်ရှားရသည့်အချိန်အခါ ဖြစ်ပါသည်။ ကျောင်းအပ်နှံခြင်းလုပ်ငန်းစဉ်မှာ သင့်အတွက် တတ်နိုင်သရွေ့ အလွယ်ကူဆုံးဖြစ်စေရန် ကျွန်တော်တို့ ကူညီလိုပါသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် *ပညာရေးနှင့်လေ့ကျင့်ရေး ပြောင်းလဲခြင်း အက်ဥပဒေ ၂၀၀၆ ခုနှစ် (Education and Training Reform Act 2006)*အရ သင့်ကလေးသည် သတ်မှတ်ပေးထားသည့် အိမ်အနီးရှိ ကျောင်း (သင်၏ 'ရပ်ကွက်ကျောင်း') ကို တက်ရောက်နိုင်ခွင့် ရှိပါသည်။

သင့်ရပ်ကွက်ကျောင်း မဟုတ်သည့်ကျောင်းတွင် ကျောင်းအပ်နှံရန်လည်း လျှောက်ထားနိုင်သည်။ ထိုကျောင်းမှ သင့်လျှောက်လွှာကို ကျောင်းထားခြင်းဆိုင်ရာမူဝါဒ (Placement Policy) နှင့်အညီ စဉ်းစားပါမည်။ ကျောင်းထားခြင်းဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ ပိုမိုသိရှိရန် [Enrolling in school](#) စာမျက်နှာတွင် ကြည့်ပါ။

## အခြေခံတန်း (မူကြိုတန်း) [(Foundation (Prep)] အတွက် ပြည်နယ်တွင်း အချိန်ဇယားအသစ်

မူလတန်းကျောင်းပထမနှစ်ကို အခြေခံတန်း (Foundation) သို့မဟုတ် မူကြိုတန်း(Prep) ဟု ခေါ်ပါသည်။ ဗစ်တိုးရီးယားပြည်နယ် အစိုးရမူလတန်းကျောင်းအားလုံးအတွက် အခြေခံတန်း ကျောင်းအပ်နှံရမည့် အချိန်ဇယားကို ထုတ်ပြန်ထားပါသည် (စာမျက်နှာ ၃ တွင် ကြည့်ပါ)။ ဤအချိန်ဇယားသည် ၂၀၂၅ စာသင်နှစ် အခြေခံတန်းအတွက် သင့်ကလေးအား ကျောင်းအပ်နှံရမည့်အချိန်နှင့် ကျောင်းအပ်နှံပုံကို နားလည်စေရန် ရည်ရွယ်ထားပါသည်။

## ကျွန်တော့်ကလေးကို ဘယ်အချိန်တွင် မူလတန်းကျောင်း ပထမနှစ်အတွက် ကျောင်းအပ်နှံရမလဲ။

ကလေးသည် ကျောင်းစနေမည့်နှစ် ဧပြီလ ၃၀ ရက်နေ့တွင် အသက် ၅ နှစ် ပြည့်နေရမည်။

ကျောင်းတက်ခြင်းသည် အသက် ၆ နှစ်ပြည့်သည့် ကလေးများအတွက် မလုပ်မနေရ ဖြစ်သည်။

ဗစ်တိုးရီးယားပြည်နယ် အစိုးရ မူလတန်းကျောင်းတွင် ၂၀၂၅ စာသင်နှစ်အတွက် ကလေးကျောင်းအပ်နှံရန် ကျောင်းလျှောက်လွှာကို ကျောင်းသို့ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

## ကျွန်တော့်ကလေးအား မူလတန်းကျောင်း ပထမနှစ်အတွက် မည်သို့ ကျောင်းအပ်နှံရမလဲ။

မူလတန်းကျောင်း ပထမနှစ်အတွက် ကျောင်းအပ်နှံရန် အောက်ပါအဆင့်များကို လိုက်နာပါ-

1. ကျောင်းရှာရန် (Find my School) ဝက်ဘ်ဆိုက်မှ သင့်ရပ်ကွက်ကျောင်းကို ရှာပါ (အောက်တွင် ကြည့်ပါ)။
2. ကျောင်းလေ့လာရေး စီစဉ်ရန် သို့မဟုတ် ကျောင်းအကြောင်းနှင့် ကျောင်းအပ်နှံပုံကို သိရှိရန်အတွက် အစိုးရမူလတန်းကျောင်းကို ဆက်သွယ်ပါ။
3. [Enrolling in Foundation (Prep)](#) ဝက်ဘ်ဆိုက်မှ အခြေခံတန်း (မူကြိုတန်း) ကျောင်းအပ်နှံခြင်းစာတွဲကို ဒေါင်းလုဒ် ဆွဲယူပါ။ ဤစာတွဲကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက်မှစ၍ ရရှိနိုင်ပြီး လျှောက်လွှာပုံစံ ပါရှိပါမည်။ ကျောင်းကလည်း ဖြည့်စွက်ရန်အတွက် ပုံစံမိတ္တူကို ပေးနိုင်ပါသည်။
4. အခြေခံတန်း ကျောင်းလျှောက်လွှာကို **၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၆ ရက် သောကြာနေ့** မတိုင်မီတင်သွင်းပါ။
5. သင့်လျှောက်လွှာ အဖြေကို **၂၀၂၄ ခု ဇူလိုင်လ ၂၉ ရက် တနင်္လာနေ့နှင့် ဩဂုတ်လ ၉ ရက် သောကြာနေ့ အကြား**သင့်အား အကြောင်းကြားပေးပါမည်။ အကယ်၍ ကျောင်းမှ ကမ်းလှမ်းကြောင်း အကြောင်းကြားပါက **၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက် သောကြာနေ့** နောက်ဆုံးထား၍ သင် လက်ခံရမည်။
6. **၂၀၂၄ စာသင်နှစ် နောက်ဆုံးသုံးလ**တွင် ပြုလုပ်မည့် ကျောင်းအပ်နှံခြင်းအကြောင်းနှင့် အကူးအပြောင်းကာလ ဆွေးနွေးဟောပြောပွဲများကို တက်ရောက်ပါ။
7. သင့်ကလေးသည် အခြေခံတန်းကို **၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက် ဗုဒ္ဓဟူးနေ့မှစ၍**တက်ရောက်ရပါမည်။

## ကျွန်တော့်ရပ်ကွက်ကျောင်းကို ဘယ်လို ရှာရမလဲ။

ကျောင်းရှာရန် (Find my School) ဝက်ဘ်ဆိုက်မှ သင့်ရပ်ကွက်ကျောင်းကို အောက်ပါအဆင့်များသုံး၍ ရှာပါ-

1. သင့်အင်တာနက်တွင် findmyschool.vic.gov.auကို ရိုက်ထည့်ပါ။
2. သင့် အမြဲတမ်း နေထိုင်သည့်လိပ်စာကို 'Enter your address to get started' အောက်တွင် ရိုက်ထည့်ပါ။
3. 'Enrolment year'အောက်ရှိ ၂၀၂၅ ကို ရွေးပါ။ **သတိပြုရန်-** ၂၀၂၅ ကျောင်းဇုန်နယ်မြေကို ၂၀၂၄ ခုနှစ် ပထမ ကျောင်းသုံးလ ကုန်ဆုံးပိုင်းတွင် ရရှိပါမည်။
4. 'School type' အောက်တွင် မူလတန်းကျောင်း (Primary)ကို ရွေးပါ။

ထို့နောက် မြေပုံသည် သင့်လိပ်စာ၊ သင့် ရပ်ကွက်ကျောင်းကို ပြသပြီး၊ လက်ဝဲဘက်အခြမ်းတွင် ကျောင်းဆက်သွယ်ရန် အသေးစိတ်အချက်များ ပြသပါမည်။ အောက်ကို ဆွဲကြည့်လျှင် သင့်အိမ်နှင့်အနီးဆုံး ငါးကျောင်းကိုလည်း ပြသပါမည်။

သင် 'Search for school' အောက်တွင် ကျောင်းအမည်သုံး၍လည်း ရှာနိုင်ပါသည်။

## ကလေးကို ရပ်ကွက်ကျောင်း မဟုတ်သော အစိုးရမူလတန်းကျောင်းတစ်ကျောင်းတွင် အပ်ရန်လျှောက်နိုင်ပါသလား။

လျှောက်နိုင်ပါသည်၊ သင့်ရပ်ကွက်ကျောင်းမဟုတ်သည့်ကျောင်းများတွင် သင် လျှောက်ထားနိုင်ပါသည်။ ထိုကျောင်းမှ သင့်လျှောက်လွှာကို ကျောင်းထားခြင်းဆိုင်ရာမူဝါဒ (Placement Policy) နှင့်အညီ စဉ်းစားပါမည်။ လျှောက်လွှာများကို မည်သို့ ဦးစားပေးသည့် အချက်အလက်ကို Enrolling in school စာမျက်နှာတွင် သင် တွေ့ရှိနိုင်သည်။

## အကယ်၍ ကျွန်တော်၏ ကျောင်းလျှောက်လွှာ လက်မခံပါဟု အကြောင်းစာရရှိပါက ဘာဖြစ်မလဲ။

သင့်ကလေးကို အခြားကျောင်းတစ်ကျောင်းတွင် ကျောင်းထားရန် လျှောက်သင့်သည်။ သင့်ကလေးကို ရပ်ကွက်ကျောင်းတွင် ကျောင်းတက်နိုင်ခွင့်ကို အာမခံပါသည်။ သင့်ကလေး၏ ရပ်ကွက်ကျောင်းသည် အမြဲတမ်းနေထိုင်သည့် လိပ်စာကို အခြေခံ၍ ဆုံးဖြတ်ပါသည်။ သင့်ကလေး၏ ရပ်ကွက်ကျောင်းကို ရှာဖွေရန် Find my School တွင်ကြည့်ပါ။ Enrolling in school ဝက်ဘ်စာမျက်နှာမှ ကျောင်းအပ်ရန်အတွက် သင့်ကလေး၏ နေရပ်လိပ်စာကို အတည်ပြုပေးနိုင်ပါသည်။

၎င်းဆုံးဖြတ်ချက်ကို အသနားခံစာ တင်နိုင်ပါသည်။ Enrolling in Foundation (Prep)ဝက်ဘ်စာမျက်နှာတွင် ကျောင်းအပ်လျှောက်လွှာအဖြေအား အသနားခံစာတင်ရန်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရှိပါသည်။

## အကယ်၍ ကျောင်းအပ်နှံသည့် အချိန်ကာလကျော်သွားပါက ဘာဖြစ်မလဲ။

သင့်အနေဖြင့် သင့်ကလေးအား ၂၀၂၅ ခုနှစ် ကျောင်းစာသင်နှစ် အခြေခံတန်းကို ၂၀၂၄ စာသင်နှစ် ဒုတိယသုံးလအတွင်း အချိန်မရွေး ကျောင်းအပ်နှံရန် လျှောက်ထားနိုင်သည်။

ကျောင်းအပ်လျှောက်လွှာများကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက် သောကြာနေ့ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်သော်လည်း ကျောင်းအပ်နှံချိန်ကာလ ကျော်လွန်သွားသော၊ အမြဲတမ်းနေထိုင်သည့် လိပ်စာ ပြောင်းလွှဲသွားသော သို့မဟုတ် ဗစ်တိုးရီးယားပြည်နယ်သို့ လတ်တလောရောက်လာသော မိသားစုများထံမှ လျှောက်လွှာများကို ၎င်းကန့်သတ်ကာလနောက်ပိုင်းတွင် လက်ခံပေးပါသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက် နောက်ပိုင်း တင်သွင်းသည့် လျှောက်လွှာများကို ကျောင်းအနေဖြင့် ဌာန၏ ကျောင်းထားခြင်းဆိုင်ရာ မူဝါဒနှင့်အညီ လျှောက်လွှာလက်ခံရရှိသည့်အခါ စိစစ်မည်ဖြစ်ပါသည်။

## မူလတန်းကျောင်းတွင် ကျောင်းအပ်နှံခြင်းနှင့်ပတ်သက်၍ နောက်ထပ် အကြောင်းအချက်အလက်များကို မည်သည့်နေရာမှ ရရှိနိုင်ပါသလဲ။

အခြေခံအတန်းအပ်ခြင်းနှင့်ပတ်သက်၍ နောက်ထပ် အကြောင်းးအချက်အလက်ကို သင်၏ ရပ်ကွက်မူလတန်းကျောင်းကို မေးမြန်းနိုင်ပါသည်။

၂၀၂၄ စာသင်နှစ် ဒုတိယသုံးလအစပိုင်းတွင် အခြေခံအတန်း ကျောင်းအပ်ခြင်းအကြောင်းအချက်အလက် စာတွဲကို Enrolling in Foundation (Prep) စာမျက်နှာတွင်လည်း တွေ့ရှိနိုင်ပါသည်။

အကယ်၍ သတင်းအချက်အလက် စာတွဲကို ဘာသာပြန်ပေးရန် အကူအညီ လိုအပ်ပါက သင့်ရပ်ကွက် မူလတန်းကျောင်းနှင့် ဆွေးနွေးပါ။

## အကူအညီအတွက် မည်သူနှင့် ဆက်သွယ်ရမလဲ။

သင် လျှောက်ထားလိုသည့် မူလတန်းကျောင်းမှ ကူးပြောင်းရေး ညှိနှိုင်းအရာရှိ၊ ကျောင်းလက်ခံမည့် တာဝန်ခံ သို့မဟုတ် ကျောင်းအုပ်ကြီးသည် ကျောင်းအပ်နှံခြင်းအကြောင်းနှင့် ပတ်သက်သော သင့်မေးခွန်းများကို ဖြေကြားပေးနိုင်ပါသည်။

## အသုံးဝင်သော အဆက်အသွယ်များ

၂၀၂၅ ခုနှစ်တွင် သင့်ကလေး မူလတန်းကျောင်း စတက်ဖြစ်သောကြောင့် သင့်အတွက် အထောက်အကူပြုနိုင်မည့် အသုံးဝင်သော အဆက်အသွယ်များ အောက်တွင် ရှိပါသည်-

ကျောင်းရှာရန် – findmyschool.vic.gov.au

ကျောင်းဇုံနယ်မြေများနှင့်ပတ်သက်သည့် အကြောင်း – vic.gov.au/school-zones

အခြေခံအတန်း ကျောင်းအပ်နှံခြင်း – vic.gov.au/enrolling-foundation-prep

ကျောင်းအပ်နှံခြင်း – vic.gov.au/how-choose-school-and-enrol

မသန်စွမ်းသူနှင့် လူတိုင်းပညာသင်ကြားနိုင်သည့် ပညာရေး – vic.gov.au/disability-and-inclusive-education

ဒေသခံ ရုံး အဆက်အသွယ်များ – vic.gov.au/office-locations-department-education

# ၂၀၂၄-၂၀၂၅ အတွက် အချိန်ဇယား

| ၂၀၂၄ ခုနှစ် ရက်စွဲများ | လုပ်ဆောင်ရန် |
|---|---|
| **စာသင်နှစ် ဒုတိယသုံးလ- တနင်္လာနေ့ ၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက်မှ သောကြာနေ့ ၂၀၂၄ ခုနှစ် ဇွန်လ ၂၈ ရက်အထိ** | |
| **၂၀၂၄ စာသင်နှစ် ပထမသုံးလ နှင့် ဒုတိယသုံးလ** | မူလတန်းကျောင်းများသည် ၂၀၂၅ ခုနှစ်အတွက် ကလေး အခြေခံအတန်း (မူကြိုတန်း) ကျောင်းအပ်နှံလိုသော မိသားစုများအတွက် ကျောင်းလေ့လာရေးများ၊ အကြောင်းအချက်အလက် ဆွေးနွေးပွဲများနှင့် အခြားလုပ်စရာများကို စီစဉ်ပေးပါသည်။ |
| **၂၀၂၄ စာသင်နှစ် ဒုတိယသုံးလ မတိုင်မီ** | ၂၀၂၅ ခုနှစ် ကျောင်းစာသင်နှစ်အတွက် ကျောင်းဇုန်နယ်မြေများကို [findmyschool.vic.gov.au](findmyschool.vic.gov.au) ဝက်ဘ်ဆိုက်တွင် စတင်ကြော်ညာထားပါသည်။<br><br>မိဘများ/အုပ်ထိန်းသူများသည် ၂၀၂၅ ခုနှစ်အတွက် သတ်မှတ်ပေးထားသည့် အိမ်အနီးအနားကျောင်းရှာရန် [findmyschool.vic.gov.au](findmyschool.vic.gov.au) တွင်ကြည့်ရှုသင့်သည်။<br><br>မိဘများ/အုပ်ထိန်းသူများအတွက် ကျောင်းအပ်နှံခြင်း အကြောင်းအချက်အလက် စာတွဲကို [Enrolling in Foundation (Prep)](Enrolling in Foundation (Prep))တွင် ဒေါင်းလုဒ်ဆွဲ၍ ရရှိနိုင်ပါသည်။ |
| **၂၀၂၄ စာသင်နှစ် ဒုတိယ သုံးလ၏ အပတ် ၁ မှ စ၍** | မူလတန်းကျောင်းများသည် ကျောင်းအပ်နှံမည့် မိသားစုများနှင့် ကျောင်းအသိုင်းအဝိုင်းသို့ ကျောင်းအပ်နှံခြင်း အကြောင်းအချက်အလက်စာတွဲများကို ဖြန့်ဝေပေးနိုင်ပါသည်။ |
| **၂၀၂၄ စာသင်နှစ် ဒုတိယ သုံးလ၏ အပတ် ၁ မှ စ၍** | **ကျောင်းအပ်လျှောက်လွှာများ လျှောက်ထားနိုင်ပြီ** – မိဘများ/အုပ်ထိန်းသူများသည် ဤနေ့ရက်မှစ၍ အစိုးရ မူလတန်းကျောင်းသို့ မိမိတို့၏ ဖြည့်ပြီးသား ကျောင်းအပ်လျှောက်လွှာကို တင်သွင်းနိုင်သည်။ |
| **စာသင်နှစ် တတိယသုံးလ- တနင်္လာနေ့ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်မှ သောကြာနေ့ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်** | |
| **သောကြာနေ့ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ မတိုင်မီ** | **ကျောင်းအပ်လျှောက်လွှာများကို နောက်ဆုံး တင်သွင်းရမည့်ရက်** – မိဘများ/အုပ်ထိန်းသူများသည် ဤနေ့ရက် နောက်ဆုံးထား၍ အစိုးရ မူလတန်းကျောင်းသို့ မိမိတို့၏ ဖြည့်စွက်ပြီးသား ကျောင်းအပ်လျှောက်လွှာကို တင်သွင်းပါ။ |
| **တနင်္လာနေ့ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နှင့် သောကြာနေ့ ဩဂုတ်လ ၉ ရက်အကြား** | မူလတန်းကျောင်းများသည် မိဘများ/အုပ်ထိန်းသူများအား အခြေခံအတန်း (မူကြို) ကျောင်းလျှောက်ထားသည့်အဖြေကို ဌာန၏ ကျောင်းထားခြင်းဆိုင်ရာ မူဝါဒ (Placement Policy) အရ စာဖြင့် အကြောင်းကြားပေးမည်။ ၎င်းစာတွင် ကျောင်းအပ်ရန် ကမ်းလှမ်းစာ၊ ကျောင်းအပ်သည်ကို အတည်ပြုသည့်စာ သို့မဟုတ် ငြင်းပယ်သည့် စာ ပါဝင်နိုင်သည်။<br><br>ကျောင်းအပ်ရန် ငြင်းပယ်စာသည့်စာ ရရှိသည့် မိဘများနှင့် စောင့်ရှောက်သူများသည် မူလတန်းကျောင်းသို့ အသနားခံစာကို စာဖြင့်ရေးသားတင်သွင်းနိုင်သည်။ |
| **၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက် မတိုင်မီ** | ကျောင်းအပ်ရန် ကမ်းလှမ်းစာ လက်ခံရရှိသည့် မိဘများ/အုပ်ထိန်းသူများသည် ဤနေ့ရက်နောက်ဆုံးထား၍ ကျောင်းအပ်ပါမည်ကို အကြောင်းကြားရမည်။ |
| **၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက် မတိုင်မီ** | မူလတန်းကျောင်းသို့ စာဖြင့်ရေးသားထားသည့် အသနားခံစာ မိဘများနှင့် စောင့်ရှောက်သူများက တင်သွင်းရမည့် **နောက်ဆုံးရက်**။ |
| **သောကြာနေ့ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက် မတိုင်မီ** | မူလတန်းကျောင်းများသည် မိဘများ/အုပ်ထိန်းသူများသို့ ၎င်းတို့၏ အသနားခံစာ၏အဖြေကို ဤနေ့ရက်နောက်ဆုံးထား၍ အကြောင်းကြားပေးပါမည်။ |
| **သောကြာနေ့ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက် မတိုင်မီ** | မူလတန်းကျောင်းသို့ အသနားခံစာ တင်သွင်းမှု မအောင်မြင်သည့် မိဘများ/အုပ်ထိန်းသူများကသက်ဆိုင်ရာ ဒေသညွှန်ကြားရေးမှူးထံ အသနားခံစာကို စာဖြင့်တင်သွင်းရမည့် **နောက်ဆုံးရက်**။ |
| **စာသင်နှစ် စတုတ္ထသုံးလ- တနင်္လာနေ့ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၇ ရက်မှ သောကြာနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်** | |
| **၂၀၂၄ ခုနှစ် စာသင်နှစ် စတုတ္ထသုံးလအတွင်း** | မူလတန်းကျောင်းများသည် အကူးအပြောင်းအချိန်များကို စီစဉ်ပေးမည်။ |
| **သောကြာနေ့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁ ရက် မတိုင်မီ** | ဒေသဆိုင်ရာရုံးများသည် မိဘ/အုပ်ထိန်းသူများနှင့် စောင့်ရှောက်သူ အားလုံးအား ဒေသညွှန်ကြားရေးမှူးထံ တင်သွင်းသည့် အသနားခံစာ အဖြေကို ဤနေ့ရက် နောက်ဆုံးထား၍ စာဖြင့် အကြောင်းကြားပေးသည်။ ဤကိစ္စမှာ သောကြာနေ့ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက် နောက်ဆုံးထား၍ လက်ခံရရှိသော အသနားခံစာများနှင့်သာ သက်ဆိုင်သည်။ |